

## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ယက်ကြီးဖြစ်ပါသည်။ ယင်း၏ လုပ်ငန်းတာဝန်မှာ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် အခြားအရေးပေါ် အခြေအနေများတွင် လူသားများ၏ ဆင်းရဲဒုက္ခခံစားရမှုကို လျှော့ပါးသက်သာစေရန်၊ လူ့အသက်နှင့်ကျန်းမာရေးကို အကာအကွယ်ပေးရန်နှင့် လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် ဖြစ်ပါသည်။ ကြက်ခြေနီလှုပ်ရှားမှုသည် နိုင်ငံတိုင်းတွင်တည်ရှိပြီး သန်းပေါင်းများစွာသော စေတနာလုပ်အားရှင်များက ဝိုင်းဝန်းကူညီလျက်ရှိပါသည်။

ကြက်ခြေနီလှုပ်ရှားမှုသည် တစ်ခုတည်းသော အဖွဲ့အစည်း မဟုတ်ပါ။ ကြက်ခြေနီ လှုပ်ရှားမှုကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၊အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းပေါင်း ၁၉၁ တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ တစ်ဖွဲ့ချင်းစီတွင် မိမိတို့၏ ဥပဒေဆိုင်ရာ ကိုယ်ပိုင်လက္ခဏာနှင့် အခန်းကဏ္ဍများ ရှိသော်လည်း ယင်းတို့အားလုံးကို အခြေခံမူ(၇)ချက်က တညီတညွတ်တည်း ပေါင်းစည်းပေးထားပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏တစ်ခုတည်းသော တာဝန်ဖြစ်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်း၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုအခြေအနေများကြောင့်ဒုက္ခရောက်သူများ၏ အသက်နှင့် ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်နှင့် ယင်းတို့ကို အထောက်အပံ့ပေးရန် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကြက်ခြေနီလှုပ်ရှားမှုက ဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေး လုပ်ငန်းများကို စီစဉ်ညွှန်ကြားညှိနှိုင်းပေးပါသည်။ ၁၈၆၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် ကြက်ခြေနီလှုပ်ရှားမှု၏ မူလအစ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းသည်ဘေးအန္တရာယ်ကျရောက်ရန်အလွယ်ကူဆုံးသောသူများ၏ ကိုယ်စား ယင်း၏အဖွဲ့ဝင် အမျိုးသားအသင်းများက ဆောင်ရွက်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ငန်းများ အားလုံးကို အားပေး လှုံ့ဆော်ခြင်း၊ အဆင်ပြေချောမွေ့စေရန် ကူညီပေးခြင်းနှင့် မြှင့်တင်ပေးခြင်းတို့ကိုပြုလုပ်ပါသည်။ ဖက်ဒရေးရှင်းသည်သဘာဝဘေးအန္တရာယ်များနှင့်နည်းပညာပိုင်းဆိုင်ရာဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရသူများနှင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကြောင့်ထိခိုက်ခံစားရသူများအား အကူအညီပေးရန် ယင်း၏အဖွဲ့ဝင် အမျိုးသား အသင်းများက ဆောင်ရွက်သည့် လုပ်ငန်းများကို စီစဉ်ညွှန်ကြား ညှိနှိုင်းပေးပါသည်။ ဖက်ဒရေးရှင်းကို ၁၉၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

အမျိုးသားအသင်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်ပယ်တွင် ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံများ၏ အရန်အင်အားအဖြစ် ဆောင်ရွက်ပါသည်။ ၎င်းတို့သည် ဘေးအန္တရာယ်ကယ်ဆယ်ရေး၊ ကျန်းမာရေးနှင့် လူမှုကရုဏာ ဆိုင်ရာ အစီအစဉ်များ အပါအဝင် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပါသည်။ စစ်မက်ကာလတွင် ၎င်းတို့သည် အရပ်သားပြည်သူများကို ကူညီပေးသည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများကို အထောက်အကူပေးပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏

# အခြေခံမူများ

ICRC

International Federation
of Red Cross and Red Crescent Societies



IN BRIEF



## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများ

လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းဟူသော ဤအခြေခံမူ(၇)ချက်သည် ကြက်ခြေနီလှုပ်ရှားမှု၏ ကျင့်ဝတ်များကို အနှစ်ချုပ်ဖော်ပြထားခြင်းဖြစ်သည့်အပြင် လက်နက်ကိုင်ပဋိပက္ခ၊ သဘာဝဘေးအန္တရာယ်များနှင့် အခြားအရေးပေါ်အခြေအနေများတွင် လိုအပ်နေသူများကိုကူညီရန် ဤလှုပ်ရှားမှုက ဆောင်ရွက်သည့် လုပ်ကိုင်ပုံ နည်းလမ်းများအတွက် အဓိကလမ်းညွှန်လည်း ဖြစ်ပါသည်။

ဤအခြေခံမူများသည် ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့်အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အမျိုးသားအသင်းများကို တညီတညွတ်တည်း ဖြစ်စေပြီး ယင်းတို့က လိုအပ်နေသူများအား ဘက်လိုက်မှု မရှိသည့် အကူအညီများကို ထိရောက်စွာပေးရမည်ဖြစ်ပါသည်။

ဤအခြေခံမူများသည် ဤကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သော အစိတ်အပိုင်းများအားလုံးက အချိန်တိုင်းတွင် မဖြစ်မနေလိုက်နာရမည့် စည်းမျဉ်းများဖြစ်ပြီး အစိုးရများကလည်း ဤလိုအပ်ချက်ကို အလေးထား လေးစားရပါမည်။

ဤအခြေခံမူများသည် ကြက်ခြေနီလှုပ်ရှားမှု၏ ကိုယ်ပိုင်လက္ခဏာအတွက် အဓိကကျပါသည်။ ဤမူများကို လိုက်နာခြင်းအားဖြင့် ဤလှုပ်ရှားမှုက ဆောင်ရွက်နေသော လုပ်ငန်းများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောသဘာဝနှင့် ကမ္ဘာတစ်ဝှမ်းဆောင်ရွက်လျက်ရှိသော ယင်း၏ လုပ်ငန်းများအားလုံးကို ရှေ့နောက်ညီညွတ်စေပါသည်။ ဤအခြေခံမူများသည် ဖွဲ့စည်းပုံ၊ ယဉ်ကျေးမှုနှင့် အဖွဲ့ဝင်ဖြစ်မှုတို့တွင် အမျိုးမျိုးအဖုံဖုံ ကွဲပြားလျက်ရှိသော အမျိုးသားအသင်းများအတွက် တူညီသော ဘုံသဘောတူညီချက်တစ်ရပ်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။